အမျိုးသားညီညွတ်ရေးအစိုးရ | လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန

# Human Rights in Myanmar

အတွဲ ၁၊ အမှတ် ၁၉

၃ အောက်တိုဘာ ၂၀၂၂

## ကလေးငယ်များ သေဆုံးခဲ့သည့် ဒီပဲယင်းစာသင်ကျောင်းပစ်ခတ်ခံရမှုအား နိုင်ငံတကာထံ တင်ပြ




စစ်ကိုင်းတိုင်း၊ ဒီပဲယင်းမြို့နယ်၊ လက်ယက်ကုန်းကျေးရွာရှိ စာသင်ကျောင်းအား အကြမ်းဖက်စစ်တပ်က စစ်မြေပြင်သုံး တိုက်လေယာဉ်များသုံးကာ ပစ်ခတ်ခဲ့သည့် အပြင် မြေပြင် စစ်ကြောင်းထိုး၍ ဖမ်းဆီးသတ်ဖြတ်မှုများ ပြုလုပ်ခဲ့သည့် ဖြစ်စဉ်နှင့် ပတ်သက်၍ စက်တင်ဘာလ ၂၁ ရက်နေ့က လူ့အခွင့်အရေးဆိုင်ရာ ဥရောပ အထူးကိုယ်စားလှယ် Mr. Eamon Gilmore နှင့် အမျိုးသားညီညွတ်ရေးအစိုးရ – NUG မှ တာဝန်ရှိသူများ တွေ့ဆုံစဉ် ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

စာ ၃ သို့




မိဘပြည်သူများခင်ဗျာ...
မိမိကိုယ်တိုင် လူ့အခွင့်အရေး ချိုးဖောက်ခံရသည်ဖြစ်စေ၊ ကိုယ့်ပတ်ဝန်းကျင်မှာ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုတွေ ရှိနေသည်ဖြစ်စေ ထိရောက်တဲ့ အရေးယူမှု၊ တရားမျှတမှု ဖော်ဆောင်နိုင်ဖို့ အမျိုးသား ညီညွတ်ရေးအစိုးရ – NUG ရဲ့ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန – MOHR ကို တိုင်ကြားနိုင်ပါတယ်။

တိုင်ကြားတဲ့အခါ တိကျခိုင်လုံတဲ့ သတင်းအချက်အလက်တွေ ဖြစ်ဖို့က အရေးကြီးတာကြောင့် မိဘပြည်သူတို့အနေနဲ့ ပေးပို့တိုင်ကြားရာမှာ -

- မည်သူ/မည်သည့်အဖွဲ့အစည်းက ကျူးလွန်ပါသလဲ?
- မည်သူ/မည်သူတွေက ကျူးလွန်ခြင်းခံရပါသလဲ?
- ဘယ်နေရာမှာဖြစ်ပွားခဲ့တာလဲ?
- ဘယ်အချိန်မှာဖြစ်ပွားခဲ့ပါသလဲ?
- ဘာတွေကို ကျူးလွန်ခဲ့တာပါလဲ?
- ဘယ်လိုမျိုး ကျူးလွန်ခဲ့ပါသလဲ?

  စတဲ့ အချက်အလက်တွေ တတ်နိုင်သမျှ တိတိကျကျ ပါရှိဖို့ လိုအပ်ပါတယ်။

MOHR အနေနဲ့ ရရှိလာတဲ့ တိုင်ကြားမှုမှတ်တမ်းတွေကို စနစ်တကျ စုစည်းပြီး တရားမျှတမှုရရှိဖို့အတွက် အစွမ်းကုန် ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။
ပေးပို့တိုင်ကြားရာမှာ လူ့အခွင့်အရေးဝန်ကြီးဌာန – MOHR ရဲ့ Facebook Page ၊ ဒါမှမဟုတ် email လိပ်စာ ဖြစ်တဲ့ report@mohr.nugmyanmar.org ကို ဆက်သွယ် ပေးပို့တိုင်ကြားနိုင်ပါတယ်။

# စက်တင်ဘာလအတွင်း လူ့အခွင့်အရေး ချိုးဖောက်မှုများကို မှတ်တမ်းတင်နိုင်မှုအခြေအနေ



စာ ၁ မှ အဆက်

တိုက်ခိုက်မှုအား အမှတ် (၁၀) စစ်ဆင်ရေးကွပ်ကဲမှု ဌာနချုပ် လက်အောက်ခံ ၃၆၈ ခြေမြန်တပ်ရင်းက ကျူးလွန်ခြင်းဖြစ်ကာ တိုက်ခိုက်မှုကြောင့် ကလေးငယ်အပါအဝင် ၁၂ ဦး သေဆုံးကာ ၁၅ ဦး ဖမ်းဆီးခံခဲ့ရသည်။

“ပေါ်လစီပိုင်းဆိုင်ရာ ဆွေးနွေးမှုတွေအပြင် ဒီပဲယင်းက ကလေးငယ်တွေရဲ့ အဖြစ်အပျက်တွေ၊ သွေးစွန်းနေတဲ့ ကျောင်းစာအုပ်တွေ၊ ကိုယ်တိုင်နားထောင်ခဲ့ရတဲ့ ကျောင်းဆရာမနဲ့ မိဘတွေရဲ့ ငိုသံတွေကို ရင်နင့်စွာနဲ့ ပြောကြားခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော် တာဝန်မကျေသေးပါဘူး” ဟု တွေ့ဆုံမှုတွင် ပါဝင်သူ NUG လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်းက ပြောသည်။

ထို့ပြင် အာဆီယံဒေသတွင်း လူ့အခွင့်အရေးဆိုင်ရာ လွှတ်တော်အမတ်များအဖွဲ့ - ASEAN Parliamentarians for Human Rights (APHR) အဖွဲ့ဝင်များနှင့်လည်း ယင်းနေ့တွင်ပင် တွေ့ဆုံခဲ့ပြီးနောက် သတင်းစာရှင်းလင်းပွဲ တစ်ရပ်အား ပြုလုပ်ခဲ့သေးသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲ၌ NUG အစိုးရအဖွဲ့မှ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထင်လင်းအောင်နှင့်အတူ လူ့အခွင့်အရေးဆိုင်ရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်းလည်း ပါဝင်ခဲ့ကာ ဒီပဲယင်း ကျောင်းပစ်ခတ်ခံရမှုကိစ္စအား ထည့်သွင်းပြောဆိုခဲ့သည်။

“မြန်မာပြည်သူတွေက စစ်အာဏာရှင်ကိုတွန်းလှန်ဖို့ ဘက်ပေါင်းစုံက တွန်းလှန်နေရာမှာ တာဝန်ကျေသလောက် အကြမ်းဖက်စစ်တပ်ရဲ့ ရာဇဝတ်ကျူးလွန်မှုတွေကို တားဆီးဖို့ လုပ်ဆောင်ရာမှာ တာဝန်မကျေသေးဘူးဆိုတာ ဒီပဲယင်း ဖြစ်ရပ်က သက်သေပြနေပါတယ်လို့ ရှင်းရှင်းလင်းလင်း တင်ပြခဲ့ပါတယ်” ဟု ဦးအောင်မျိုးမင်းက ဆိုသည်။

# မြန်မာ့အရေး ကန်နိုင်ငံခြားရေးဌာန အကြံပေးနှင့် တွေ့ဆုံဆွေးနွေး




မြန်မာ့အရေးနှင့် ပတ်သက်၍ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန အကြံပေး Mr. Derek Chollet ဦးဆောင်သည့် အဖွဲ့နှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြု ကော်မတီ - CRPH ၊ အမျိုးသားညီညွတ်ရေးအစိုးရ – NUG ဝန်ကြီးအဖွဲ့တို့ စက်တင်ဘာ ၂၁ ရက်က နယူးယောက်မြို့၌ တွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ်အတွင်း အကြမ်းဖက်စစ်ကောင်စီက ကျင်းပရန် ပြင်ဆင်နေသည့် ရွေးကောက်ပွဲအပေါ် အမေရိကန်၏ အမြင် သဘောထားနှင့် စစ်ကောင်စီအပေါ် အမေရိကန် အစိုးရ၏ စီးပွားရေးဒဏ်ခတ်ပိတ်ဆို့မှုများ၊ ပစ်မှတ်ထားသင့်သည့် စီးပွားရေးလုပ်ငန်းများကိစ္စအား ဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲ၌ CRPH ဥက္ကဋ္ဌ ဦးအောင်ကြည်ညွန့်၊ NUG ပြည်ထောင်စုဝန်ကြီးများဖြစ်သည့် ဦးအောင်မျိုးမင်း (လူ့အခွင့်အရေး)၊ ဦးထင်လင်းအောင် (ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာ) နှင့် ဦးမိုးဇော်ဦး (နိုင်ငံခြားရေး ဒုတိယဝန်ကြီး) တို့အပြင် လူ့အခွင့်အရေးဝန်ကြီးဌာန အကြံပေး ဦးအောင်ကျော်မိုးလည်း ပါဝင်ခဲ့သည်။

ဆွေးနွေးပွဲ၌ မြန်မာ့နိုင်ငံနှင့် ပတ်သက်၍ တရားမျှတမှု ဖော်ဆောင်နိုင်ရေးယန္တရားအား ထိရောက်စွာ အသုံးပြုနိုင်မည့် ရှေ့လုပ်ငန်းစဉ်များ၊ လူသားချင်းစာနာမှု အကူအညီ၊ နည်းပညာ/ဆက်သွယ်ရေးနှင့် အတတ်ပညာပိုင်းဆိုင်ရာ အကူအညီများ၊ ဒီမိုကရေစီရေး တက်ကြွလှုပ်ရှားသူများနှင့် ပြည်သူ့ရင်ခွင်လှုံလာကြသူများအတွက် အကာအကွယ်နှင့် အထောက်အပံ့ အကူအညီများကိစ္စတို့ကို လည်း ထည့်သွင်းဆွေးနွေးခဲ့သည်။

# “ပြန်လည်ထူထောင်ရေးအတွက် လုံးဝ လုပ်လို့မရတော့တဲ့ အနေအထားအထိကို ဖြစ်သွားတယ်”

# “မီးရှို့တာကတော့ နံပါတ် (၁) ပြောရရင် အကြောင်းမဲ့ပါပဲ”

**စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့နယ်တွင်းရှိ မွေ့တုံရွာအား အကြမ်းဖက်စစ်ကောင်စီတပ်များက စက်တင်ဘာလ ၁၃ ရက်က တတိယအကြိမ် မီးရှို့ဖျက်ဆီးခဲ့မှုနှင့် နောက်ဆက်တွဲ အခြေအနေများအား ပုလဲမြို့နယ် ပြည်သူ့အုပ်ချုပ်ရေး အဖွဲ့ဝင်တစ်ဦးအား ဆက်သွယ်မေးမြန်းထားခြင်း**

**မေး။ ပုလဲမြို့နယ်ထဲမှာ ဖြစ်ခဲ့တဲ့ အကြမ်းဖက် စစ်ကောင်စီ ကျူးလွန်တဲ့ လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေတွေ အပြင် မွေ့တုံနဲ့ မင်းရွာမှာ ဖြစ်ခဲ့တဲ့ မီးရှို့မှုဖြစ်စဉ်တွေကို သိထားသလောက် ပြောပြပေးပါဦး။**

ဖြေ။ ဟုတ်ကဲ့၊ ကျွန်တော်တို့ နံပါတ် (၁) ကတော့ ကျွန်တော်တို့ ပုလဲမြို့နယ်မှာ စစ်ကောင်စီရဲ့ မတရားသဖြင့် အကြမ်းဖက် မီးရှို့မှုတွေပေါ့နော်။ တစ်မြို့နယ်လုံးမှာဆိုရင် (၃၂) ရွာ လောက် အထိ ရှိသွားပြီပေါ့။ (၃၂) ရွာမှာ ကျွန်တော်တို့ အိုးအိမ် မီးရှို့ခံရတာ (၂၀၄၂) အိမ်ထောင်အထိ ရှိသွားပါပြီ။ နောက် လူ့ အခွင့်အရေးအရ စစ်ကောင်စီရဲ့ စစ်ကြောင်းတွေကနေ ကျွန်တော်တို့ ပြည်သူတွေကို အကြောင်းမဲ့ ဥပဒေမဲ့သတ်တာ (၅၆) ယောက် အထိ ရှိသွားပါပြီ။ ရက်ရက်စက်စက် အသတ်ခံရတာ။ တချို့ မီးရှို့ရင်းနဲ့ မီးလောင်သေဆုံးတဲ့ ရောဂါသည်ပါ ပါတယ်။ တချို့ဆို ဖမ်းမိပြီးတော့ အရေခွံတွေ စုပ်ဖြတ်ပြီးတော့ သတ်ခံရတာတွေရှိတယ်။ အခုဆိုရင် ဒေသခံပျူစောထီးတွေရော ပေါင်းပြီးတော့ ပြည်သူ (၅၆) ဦးဟာ လုံးဝကို သတ်ဖြတ်ခြင်းခံခဲ့ရပါပြီ။ နောက်ပြီး စစ်ဘေးရှောင်အနေနဲ့ ကျွန်တော်တို့မြို့နယ်မှာ အာဏာသိမ်းပြီးကနေ ဒီနေ့အထိ စစ်ရှောင်တွေ တစ်သိန်းကျော် သွားပါပြီ။ နောက်ပြီးတော့ လူ့အခွင့်အရေး ချိုးဖောက်မှုခံရဆုံး ကတော့ သူတို့စစ်ကြောင်းပဲလာလာ၊ ပျူစောထီးရွာတွေကပဲ ထွက်လာလာ ကျွန်တော်တို့ ပြည်သူပိုင်ပစ္စည်းတွေကို မတရားသဖြင့် လုယူပြီးတော့ သူတို့ရိက္ခာအနေနဲ့ သယ်ယူတာတွေကလည်း နေရာအနှံ့အပြားမှာ လုပ်နေကြတာ။ နောက်ပြီးတော့ စစ်ကြောင်းတစ်ကြောင်း ဝင်လာတယ်ဆိုရင်လည်း ဘာဖြစ်တုန်းဆိုတော့ ကျွန်တော်တို့ ပြည်သူပိုင်အိုးအိမ်တွေထဲက အဖိုးတန် လက်ဝတ်လက်စားတွေ၊ အဖိုးတန်ပစ္စည်းတွေ၊ နောက်ပြီးတော့ ပြည်သူတွေမွေးထားတဲ့ တိရစ္ဆာန်တွေကို ရက်ရက်စက်စက် သတ်ဖြတ်၊ စားသောက်၊ လုယူတဲ့အနေထားတွေကတော့ နေရာတိုင်းပါပဲ။

အခုလက်ရှိဆို မွေ့တုံကျေးရွာဆိုတာ မီးရှို့ခံရတာ သုံးကြိမ်ရှိသွားပြီ။ ကျွန်တော်တို့စာရင်းအရ မွေ့တုံကျေးရွာမှာ အိမ်ခြေအကုန်လုံး (၁၈) အိမ်ပဲ ကျန်တော့တယ်ပေါ့နော်။ အိမ်ခြေ (၃၀၀) ဝန်းကျင်လောက်ရှိတဲ့ ရွာကြီးမှာ။ ပထမတစ်ကြိမ်က (၁၇၂) လုံး ရှို့ခံရပါတယ်။ ဒုတိယအကြိမ် ၇-၇-၂၀၂၂ မှာ (၃၃) အိမ် ရှို့ခံရပါတယ်။ အခုဆို (၁၂၄) အိမ် ရှို့ခံရတယ်။ သုံးကြိမ်မြောက်အထိ အရှို့ခံရတဲ့သူတွေ ရှိတယ်။ တချို့ နှစ်ကြိမ် ရှို့ခံရတာတွေရှိတယ်ပေါ့နော်။ တချို့တော့ တစ်ကြိမ် ရှို့ခံရတယ်။ စုစုပေါင်း တစ်ရွာလုံးမှာ (၁၈) အိမ်ပဲ ကျန်ပါတော့တယ်ဗျာ့။

**မေး။ စုစုပေါင်းအိမ်ခြေက ဘယ်လောက် ရှိတာလဲ ဆရာ။**

ဖြေ။ (၂၄၉) အိမ်ရှိပါတယ်ဗျ။ ပထမတစ်ကြိမ် ရှို့ခံရပြီးတော့ ကျွန်တော်တို့ နေဖြစ်ပေါ့ ထန်းလက်တဲနှင့်ဆောက်ထားတယ်။ အရေးပေါ် မဖြစ်မနေကို ယာယီတဲအိမ်လေးတွေ ဆောက်ထားတယ်။ ဒါတွေကို ဒုတိယကြိမ်၊ တတိယကြိမ်အထိ ရှို့ခံရတဲ့ မိသားစုတွေ ရှိပါတယ်ဗျ။ ပြန်လည်ထူထောင်ရေးအတွက် လုံးဝကို လုပ်လို့မရတော့တဲ့ အနေအထားအထိကို ဖြစ်သွားတယ်ပေါ့။

**မေး။ တတိယအကြိမ်က ဘယ်ရက်လောက်မှာ ရှို့သွားလဲ။**

ဖြေ။ (၁၃) ရက် (၉) လပိုင်းမှာ ဗျ။

**မေး။ သူတို့တွေ ဘယ်လိုပုံစံနဲ့ ဝင်လာပြီးတော့ ရွာကို မီးရှို့သွားတာလဲ။ ပြီးတော့ ဘာတွေ ဆုံးရှုံးပျက်စီးတာတွေ ရှိသေးလဲရှင့်။**

ဖြေ။ သူတို့ မီးရှို့တာကတော့ နံပါတ် (၁) ပြောရရင် အကြောင်းမဲ့ပါပဲဗျ။ ဟို ပထမ (၃) ရက် (၁) လပိုင်းမှာ ရှို့တုန်းကဆိုရင်လည်း ကျွန်တော်တို့ ပုလဲမြို့နယ်က မကွေးတိုင်းနဲ့ နယ်မြေချင်း ထိစပ်တယ်၊ မြိုင်မြို့နယ်ထဲက လာတဲ့စစ်ကြောင်းတွေက အကြောင်းမဲ့ လာရောက်ပြီးတော့ မီးရှို့တာ။ အဲဒီမှာ အများကြီးပဲပေါ့။

တိရစ္ဆာန်တွေရော၊ ပြည်သူပိုင်ကားတွေရော၊ တခြား မော်တော်ယာဥ်တွေ၊ လုပ်ငန်းသုံးထော်လာရီတွေ၊ ထွန်စက် တန်ဖိုးကြီးတာတွေ ဆုံးရှုံးတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ မွေ့တုံရွာက တောင်သူလယ်ယာဖွံ့ဖြိုးတဲ့ ကျေးရွာဖြစ်တော့ သီးနှံကိုအမြောက်အများပေါ့ ပါသွားပါတယ်။ ဒုတိယအကြိမ်မှာတော့ နာမကျန်းပြည်သူတစ်ဦးပေါ့၊ မီးလောင်တဲ့အထဲကို ပါသွားတယ်။ သိသိကြီးနဲ့ မရွှေ့ဘဲနဲ့ မီးထဲရှို့လိုက်တဲ့ အနေအထားပဲပေါ့။

**မေး။ အဲဒီဖြစ်စဉ်ကို အသေးစိတ် ပြောပြပေးလို့ ရမလား။**

ဖြေ။ အဲဒီ ကျန်းမာရေးမကောင်းတာ ဦးတင်ဖေဆိုတဲ့ လေဖြတ်နေတဲ့ အဖိုးတစ်ယောက်။ (၉၆) နှစ်ပါ။ အိပ်ယာထဲလဲနေတာ။ ပြီးတော့ သူတို့ စစ်ကြောင်းတစ်ခုလာရင်တော့ ကျွန်တော်တို့ပြည်သူတွေ လွတ်ရာကို တိမ်းရှောင်ပြေးရပါတယ်။ အဲဒီအချိန်မှာ အရေးပေါ် စစ်ကြောင်းရောက်လာတာဆိုတော့ ဦးတင်ဖေက ပြေးချိန်လည်း မရလိုက်ဘူး။ မိသားစုတွေက သူ့ကို သယ်ထုတ်မသွားနိုင်လိုက်ဘူး။ အိပ်ရာထဲ လဲနေတဲ့ နာတာရှည်ရောဂါသည်ဆိုတော့ ဒီလောက်ကြီး ရက်ရက်စက်စက်တော့ မလုပ်လောက်ဘူးလို့ပဲ မိသားစုတွေက ထင်တာပေါ့နော်။ အဲဒီတော့ ထားခဲ့တယ်။ ထားခဲ့တာမှာ မီးလောင်တဲ့အထဲ ပါသွားတယ်။ တကယ့်ကို စိတ်မကောင်းစရာကြီး။

**မေး။ မီးရှို့ခံရတဲ့ထဲမှာ မင်းရွာကော ပါသေးလား ဆရာ။ သေဆုံးတာတွေကော ရှိခဲ့လား။**

ဖြေ။ (၇) ရက် (၇) လတုန်းက ရှို့တဲ့ထဲမှာ မင်းရွာကျေးရွာလည်း ပါသေးတယ်ဗျ။ မင်းရွာကျေးရွာက (၆၆) အိမ်ထောင်စုက လုံးဝလောင်သွားတယ်။ ကျန်တာတော့ (၁၄)၊ အိမ်ကတော့ တစ်ပိုင်းတစ်စတွေလောင်နေတာပေါ့။ မင်းရွာကျေးရွာမှာလည်း မီးလောင်သေဆုံးတာ တစ်ယောက်ရှိပါတယ်ဗျ။ သူလည်းကျန်းမာရေးမကောင်းပါဘူး။

**မေး။ အခု ဒီ ၉ လပိုင်း ၁၃ ရက်နေ့မှာကျတော့ရော ဘယ်လိုပုံစံမျိုးနဲ့ ရွာထဲဝင်လာပြီး မီးရှို့တာတွေ လုပ်ခဲ့တာလဲ။**

ဖြေ။ ပုလဲဘက်ကနေလာတဲ့ စစ်ကြောင်းပေါ့။ အဲဒီ စစ်ကြောင်းက ၉ လပိုင်း ၄ ရက်နေ့ကတည်းက ပုလဲမြို့နယ်ထဲကို ဝင်တဲ့ စစ်ကြောင်း။ အဲဒီလိုဝင်ပြီးတော့ ရွာကို စစ်ကြောင်းထိုးတယ်၊ ပြည်သူပိုင်ပစ္စည်းတွေကို လုယူတယ်။ နောက်ပြီးတော့ လှော်ကားကြီးကျေးရွာကို ရောက်တယ်။ ပျူစောထီးစခန်း နယ်မြေနဲ့ နီးတော့ အဲဒီရွာက ဒေသခံတွေ ပိုင်ဆိုင်တဲ့ပစ္စည်းတွေကို လှည်းတွေ၊ နွားတွေနဲ့ယူပြီး သယ်သွားတယ်။ ပြီးတော့ တနယ်ကျေးရွာကိုလည်း ဒီလိုပဲ။ တနယ်ကျေးရွာကလည်း ဖွံ့ဖြိုးတဲ့ကျေးရွာကြီးပါပဲ။ ပြည်သူပိုင် ဆန်၊ ဆီ အခြားအဖိုးတန်ပစ္စည်းတွေ လှည်း (၃၅) စီးနဲ့ ဆန်အိတ်တစ်ထောင်ကျော်လောက် ပါသွားတယ်ပေါ့နော်။ ပျူစောထီးစခန်းရိက္ခာကို သူတို့မပို့ဘဲနဲ့ ပြည်သူပိုင်ပစ္စည်းတွေ ခိုးယူ၊ လုယူပြီးတော့ ပို့သွားတယ်။ အဲဒီက ပို့ပြီးပြန်လာတဲ့စစ်ကြောင်းက ပုလဲမြို့ကို ပြန်ရောက်ပြီးအကြောင်းမဲ့ကို မီးရှို့သွားတဲ့ အနေထားပါပဲ။ ပြည်သူတွေရော၊ ဒေသခံ ကာကွယ်ရေးတပ်ဖွဲ့တွေရော ရွာထဲက ခုခံတာတွေ ဘာတွေမရှိပါဘူး။ မရှိဘဲနဲ့ကို အကြောင်းမဲ့ မီးရှို့သွားတာပါ။

**မေး။ အဲဒီ စက်တင်ဘာ ၁၃ ရက် မီးရှို့တဲ့ဖြစ်စဉ်မှာ ထိခိုက်ဒဏ်ရာရမှုတွေကော ရှိခဲ့သေးလား။**

ဖြေ။ လူတွေတော့ ထိခိုက်ဒဏ်ရာရရှိမှုတော့ မရှိတော့ဘူးပေါ့။ ကျွန်တော်တို့ ဒုတိယအကြိမ်မှာက ဟိုနာတာရှည်ကျန်းမာရေးမကောင်းတဲ့ လူနာတောင်မှ သူတို့ မီးရှို့သွားတာဆိုတော့ အဲဒီအချိန်မှာ စစ်ကြောင်းလာတာနဲ့ ပြည်သူတွေက သူတို့ပိုင်တဲ့ပစ္စည်းတွေ မယူနိုင်ဘဲနဲ့ ဒရောသောပါး ပြေးရတာပေါ့၊ စစ်ကြောင်းနဲ့ လွတ်အောင်ဆိုတော့။ ပြည်သူတွေ ထိခိုက်ဒဏ်ရာရမှုတော့ မရှိဘူး။ အားလုံးတော့ တစ်ယောက်မကျန်တော့ စစ်ဘေးရှောင်ရတာပေါ့နော်။ အဲဒါဆိုတော့ ရွာထဲမှာသူတို့စိတ်ကြိုက် အကုန်လုံးရှို့တော့တဲ့ အနေထားပါပဲ။ ပြည်သူပိုင်မွေးထားတဲ့ တိရစ္ဆာန်တွေကို ချက်ပြုတ်စားသောက်၊ သတ်ဖြတ်စားသောက်ပြီး၊ အကုန်လုံးပေါ့။ စိတ်တိုင်းကျ မီးရှို့သွားတဲ့အနေထားပါပဲ။

**မေး။ ရွာမှာ အိမ်က ၁၈ လုံးပဲ ကျန်တော့တာဆိုတော့ အဲဒီကသူတွေကာ ရွာထဲ ဆက်နေနေတုန်းပဲလား။ ကျန်တဲ့ မီးရှို့ခံရတဲ့စစ်ဘေးရှောင်တွေ အခြေအနေကကော။**

ဖြေ။ ကျွန်တော်တို့ ပုလဲမြို့နယ်ကတော့ နဂိုတုန်းကလည်း တိုက်ပွဲတွေဘာတွေမရှိခဲ့တဲ့ နေရာတွေ ဆိုတော့ စစ်ဘေးရှောင်စခန်းကြီးတွေတော့ မရှိဘူးပေါ့နော်။ စစ်ကြောင်းလာရင်တော့ ပတ်ဝန်းကျင်က စစ်ကြောင်းနဲ့ လွတ်တဲ့ရွာတွေကို ပြေးရတယ်။ အဲဒီရွာတွေမှာရှိတဲ့ ဘုန်းကြီးကျောင်းတွေ၊ စာသင်ကျောင်းတွေမှာ ခိုလှုံရတယ်။ နောက်ပြီးတော့ ဆွေရင်းမျိုးရင်းတွေ၊ မိတ်ဆွေတွေအိမ်မှာ ခိုလှုံရတယ်ပေါ့နော်၊ အခြားကျေးရွာသွားပြီးတော့။

အခု မွေ့တုံကျေးရွာမှာ မီးဘေးသင့်ပြည်သူတွေရော၊ ကျန်တဲ့အိမ်တွေရောက အခုလောလော ဆယ်တော့ မွေ့တုံ ကျေးရွာအုပ်ချုပ်ရေး၊ ကာကွယ်ရေးအဖွဲ့တွေက မီးဘေးသင့် ပြည်သူတွေ၊ အခြားရွာကို သွားမနေနိုင်တဲ့ပြည်သူတွေအတွက် စာသင်ကျောင်းနဲ့ ဘုန်းကြီးကျောင်းတွေမှာ ယာယီ နေရာချ ထား ပေးထားပါတယ်ဗျ။

**မေး။ ရွာကို စစ်ကြောင်းထိုးတုန်းက လက်နက်နဲ့ ပစ်ခတ်တာ တွေကော ရှိခဲ့လား။**

ဖြေ။ ရှိပါတယ်ဗျ။ ရွာတစ်ရွာကို ဝင်တော့မယ်ဆိုရင် ပြည်သူ တွေကို ကြောက်လန့်အောင် သူတို့လက်နက်ကြီးတွေနဲ့ ရမ်းပစ် တယ်။ လက်နက်ငယ်တွေနဲ့လည်း ပြေးတဲ့ ပြည်သူတွေကို ပစ်တယ်။ ပြောရရင် ကျွန်တော်ကိုယ်တိုင် ဟိုနေ့တုန်းက ရက်ရက်စက်စက် အပစ်ခံရတယ်၊ မသေလို့သာနော်။ တွေ့သမျှ လူကိုအကုန်ပစ်တယ်။

**မေး။ စစ်ကြောင်းထိုးလာတုန်းက စစ်တပ်ကပဲလား။ ပျူစောထီး တွေ ပါသေးလား၊ အင်အားကကော ဘယ်လောက်လောက် ရှိလဲ။**

ဖြေ။ အကြမ်းဖက်တပ်က ဒီတစ်ပတ်ဆို အင်အား (၁၅၀) လောက်နဲ့ စစ်ကြောင်းထိုးလာတယ်။ ဒီစစ်ကြောင်းက ဘယ် စစ်ကြောင်း ဘယ်စစ်တပ် ဘာညာတော့ သိဖို့ရာ အားနည်းချက် ရှိတယ်ဗျ။ အဓိကတော့သူတို့ ဗျူစောထီးတွေရော အပါအဝင် နဂိုစစ်မှုထမ်းဟောင်းက အသက်ကြီးကြီးအရွယ်ရော၊ သူတို့ ဗမာစကား မပြောတတ်တဲ့ ရုပ်ကြမ်းကြမ်းလူတွေရော တော်တော် ပါတယ်လို့ သိရတယ်။ အဓိကတော့ ဗျူစောထီးတွေရော ပါမယ်လို့ ယူဆတယ်။ နဂို စစ်မှုထမ်းဟောင်းတွေရောပါမယ်လို့ ယူဆရတယ်။

**မေး။ စစ်ကြောင်းထိုးလာမှုတွေမှာ ပြည်သူ ဖမ်းဆီးခံရတဲ့ ဖြစ်ရပ်တွေကော ရှိခဲ့လား။**

ဖြေ။ ကျွန်တော်တို့ စစ်ကြောင်းလာတိုင်းလာတိုင်းကတော့ လုံးဝမလွတ်တဲ့လူတွေ ဖမ်းဆီးခံရတာတွေကတော့ ရှိတယ်။ တချို့စစ်ကြောင်းတွေက ဖမ်းဆီးသွားတဲ့ ဓားစာခံတွေကို သတ်ဖြတ်တာတွေရော ရှိတယ်။ တချို့စစ်ကြောင်းတွေကတော့ ဖမ်းပြီး သူတို့ ခိုင်းချင်တာ ခိုင်းတယ်၊ သူတို့သယ်ခိုင်းချင်တဲ့ဟာ သယ်ခိုင်းတယ်။ သူတို့ ရိုက်နှက်နှိပ်စက်ပြီး ပြန်လွှတ်တာတွေ ရော ရှိပါတယ်။

**မေး။ လက်ရှိ ဆရာတို့ ပုလဲမြို့နယ်ထဲမှာ အကြမ်းဖက် စစ်တပ်က မီးရှို့၊ သတ်ဖြတ်မှုလုပ်တဲ့ ဖြစ်စဉ်တွေနဲ့ ပတ်သက်ပြီး သီးခြားဖြည့်စွက် ပြောပြချင်တာများ ရှိသေးလား။**

ဖြေ။ အဓိကကတော့ ဒါ ကျွန်တော်တို့မြို့နယ်မှာ (၃၂) ရွာ မီးဘေးသင့်နေတာပေါ့။ လတ်တလောမှာတော့ မွေ့တုံပေါ့နော်။ သုံးကြိမ် သုံးခါအထိကို မီးရှို့ခံရတဲ့ အနေထားရှိတယ်။ မွေ့တုံ ကျေးရွာမှာလည်း စစ်ကြောင်း ငါးကြောင်းထိုးတဲ့ အချိန်မှာ သတ်ခံရတဲ့ပြည်သူတွေ၊ မီးလောင်သွားတဲ့ ပြည်သူတွေ ရှိတယ် ပေါ့။ လတ်တလောမှာ မွေ့တုံကျေးရွာ ပြန်လည်တည်ဆောက် ရေးအတွက် ကျွန်တော်တို့ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့က အကူအညီ အမျိုးမျိုး ရှာနေတယ်။ အရေးပေါ်အကူအညီတွေ တကယ့်ကို ဆိုးဆိုးဝါးဝါး လိုအပ်နေတဲ့အနေထားပေါ့။ ပြန်လည်ထူထောင်ရေး အတွက် ဝိုင်းဝန်းကူညီပေးကြပါလို့ ကျွန်တော်တို့ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့ကိုယ်စားပြုအနေနဲ့ တောင်းခံပါတယ်။

ဘာပဲနေနေ ကျွန်တော်တို့ ဒီပြည်သူတွေ လောလော ဆယ် စားရေးသောက်ရေး အင်မတန်မှ ခက်ခဲတယ်။ ကျွန်တော်တို့ အညာဒေသမှာ မိုးရာသီကာလကြီးဖြစ်နေတော့ ပထမဆုံး ဟို (၃၁) ရက် ၁ လပိုင်း မီးရှို့ခံရတုန်းက ကျွန်တော်တို့ ပုလဲမြို့နယ်မှာ အင်တာနက်ဖြတ်တောက်ခြင်း မခံရသေးတော့ ဟိုအခြားပြည်သူတွေရဲ့ ကူညီမှု၊ အခြားရိက္ခာ၊ အရေးပေါ် စားရေးသောက်ရေးတွေ အထိုက်အလျောက် ရရှိတယ်။ ဒီ နောက်ပိုင်း အင်တာနက် ဖြတ်တောက်ခံရတဲ့အနေအထားမှာ ပြန်လည်ထူထောင်ရေး၊ စားရေးသောက်ရေး တော်တော် ခက်ခဲပါတယ်။ ဒါတွေကို ဘယ်က ဘယ်လိုပဲနေနေ ကျွန်တော် တို့ ကူညီမှုတွေ မျှော်လင့်ပါတယ်၊ ရရှိအောင်လည်း ဝိုင်းဝန်း ကြိုးစားပေးစေလိုပါတယ်ဗျ။

# စစ်တပ်အာဏာသိမ်းမှုကြောင့် ဖြစ်တည်လာသည့် ကိန်းဂဏန်းများ

## ၃၆၂၀၉ +

အရပ်သားအစိုးရ ဖြုတ်ချကာ စစ်တပ်အာဏာသိမ်းခဲ့သည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၅ ရက်အထိ လက်နက်ကိုင်ပဋိပက္ခများအကြား မီးရှို့ ဖျက်ဆီးခံရမှု၊ လက်နက်ကြီးကျည် ထိမှန်မှုအပြင် အကြမ်းဖက် စစ်တပ်က အကြောင်းမဲ့ ဝင်ရောက်စီးနင်း မီးရှို့ဖျက်ဆီးမှုကြောင့် နေအိမ်နှင့် အဆောက်အဦ ၃၆၂၀၉ လုံးထက်မနည်း ပျက်စီးခဲ့ရသည်။ အဆောက်အဦဆိုရာ၌ ဘာသာရေး အဆောက်အဦများလည်း ပါဝင်သည်။ နိုင်ငံအတွင်း လက်နက်ကိုင်ပဋိပက္ခများ မြင့်တက်လာသည်နှင့်အမျှ ပျက်စီးဆုံး ရှုံးရမှုများ ပိုတိုးလာကာ ၂၀၂၂ ခုနှစ် မေလအတွင်း ၈၃၁၃ လုံးထက်မနည်း မီးရှို့ ဖျက်ဆီးခံရပြီး လအလိုက် နှိုင်းယှဉ်ပါက အရေအတွက် အများဆုံး ဖြစ်သည်။ ဩဂုတ်လအတွင်း ကမူ တစ်လအတွင်း ၆၂၂၁ လုံးထက်မနည်း မီးရှို့ဖျက်ဆီးခံခဲ့ရကာ စစ်ကိုင်းနှင့် မကွေးတိုင်း ဒေသကြီး၊ ကချင်ပြည်နယ်တို့မှာ အများဆုံးခံခဲ့ရသည်။

## ၁၀၀ + (၁၀ +)

စစ်တပ်အာဏာသိမ်းခဲ့ပြီးနောက် ဖြစ်ပွားခဲ့သည့် လက်နက်ကိုင် ပဋိပက္ခနှင့် စစ်တပ်က အကြောင်းမဲ့ မီးရှို့၊ ဖျက်ဆီးမှုများ ပြုလုပ်ခဲ့မှုများကြောင့် ၂၀၂၂ ခုနှစ် ဩဂုတ်လတစ်လတည်းတွင် နေရာတစ်ခုတည်း၌ နေအိမ်နှင့် အဆောက်အအုံ ၁၀၀ နှင့်အထက် မီးရှို့၊ ဖျက်ဆီးခံခဲ့ရသည့် ကျေးရွာပေါင်း ၁၀ ရွာထက်မနည်း ရှိခဲ့သည်။ စစ်ကိုင်းတိုင်း၊ ယင်းမာပင်မြို့နယ်၊ ကပိုင်-သီးကုန်း ကျေးရွာတွင် ယင်းတစ်လတည်း၌ နေအိမ်နှင့် အဆောက်အအုံ ၁,၄၀၀ ထက်မနည်း မီးရှို့ဖျက်ဆီးခံခဲ့ရသည်။

ကိုးကား - ISP Data Matters




**“ယခင် လူ့အခွင့်အရေးကောင်စီ အစည်းအဝေးအပြီး တစ်ပတ်အကြာတွင် နိုင်ငံရေးသမား လေးဦးကို ဥပဒေမဲ့ကွပ်မျက်ခဲ့ ခြင်းနှင့် ယခု အစည်းအဝေး ကာလအတွင်း ကလေးသူငယ်များကို အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်း တို့သည် ကာကွယ်ပေးရန် လိုအပ်သည့်သူများအပေါ် ပစ်မှတ်ထား တိုက်ခိုက်ခြင်း သာမက ကုလသမဂ္ဂနှင့် အဖွဲ့ဝင် နိုင်ငံများအပေါ် စော်ကား လိုက် ခြင်းဖြစ်သည်”**

**လူ့အခွင့်အရေးကောင်စီသို့ ပေးပို့သည့် ထုတ်ပြန်ချက်ပါ ကောက်နုတ်ချက် (၂၁ စက်တင်ဘာ ၂၀၂၂)**